
စိတ်ကူးချိုချိုအနုပညာ





# ENGLISH SPEAKING

## အတွက် နေ့စဉ်သုံးဝါကျများ

ဒေါက်တာစိုးသန်း
Ph.D.(English Studies)
University of Nottingham. U.K.

mgyoe.com

mgyoe.com




# ENGLISH SPEAKING

## အတွက် နေ့စဉ်သုံးဝါကျများ

**ဒေါက်တာစိုးသန်း**

Ph.D.(English Studies)
University of Nottingham. U.K.

ISBN9789997112453
DST8
9 789997 112453
2,000.00KS

mgyoe.com

ENGLISH SPEAKING အတွက် နေ့စဉ်သုံးဝါကျများ၊ ဒေါက်တာစိုးသန်း
စာမျက်နှာ ၁၂၄ မျက်နှာ၊ ၁၄ · ၅ စင်တီ × ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ် (စီဒီပါ)

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ENGLISH SPEAKING
## အတွက်
## နေ့စဉ်သုံးဝါကျများ

ဒေါက်တာစိုးသန်း
Ph.D.(English Studies)
University of Nottingham. U.K.

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အမှာစကားဦး

ဒီအခြေအနေလေးတစ်ခုကို စဉ်းစားကြည့်ပါ။ Please consider this scenario. သင်ဟာ formal schooling နဲ့ အထက်တန်းကျောင်း အောင်တဲ့အထိ အင်္ဂလိပ်စာသင်ခဲ့ရတယ်။ တက္ကသိုလ်က ဘွဲ့ရတဲ့အထိလည်း အင်္ဂလိပ်စာသင်ခဲ့ရတယ်။ English as a compulsory subject အနေနဲ့ သင်ယူခဲ့ရတာ မူလတန်းမှ ဘွဲ့ရတဲ့အထိ ၁၅ နှစ်ခန့် ဆိုပါစို့။ အင်္ဂလိပ်စာကို ဝါသနာပါလို့၊ ဘဝတက်လမ်းမှာ အရေးကြီးတဲ့ ဘာသာစကားဖြစ်မှန်းသိလို့လည်း အပြင်အင်္ဂလိပ်စာသင်တန်းတွေလည်း တက်ခဲ့၊ တက်နေတယ် ဆိုပါစို့။ Speaking သင်တန်းတွေလည်း တက်တယ်... လေ့ကျင့်တယ်... ပြောဖို့ အခွင့်အရေးရှိလို့ အလုပ်မှာ၊ သင်တန်းမှာ၊ soical life မှာ အင်္ဂလိပ်စကားကိုလည်း အသုံးပြုနိုင်၊ သွက်လက်စွာ ပြောနိုင်သူတစ်ဦး ဆိုကြပါစို့။ အခြေအနေအရ လိုအပ်လာလို့ အောက်ပါ အဓိပ္ပာယ်ရတဲ့ ဝါကျလေးတွေကို အင်္ဂလိပ်လို ပြောဖို့ လိုလာတယ်။ အဲဒီလို ပြောမှလည်း ဆိုလိုချင်တဲ့ အဓိပ္ပာယ်ထိ ရောက်မယ်။ ကဲ အင်္ဂလိပ်လို ဘယ်လိုပြောမလဲ... စဉ်းစားကြည့်ပါ...။

၁။ သူဟာ သူ့ရဲ့စရိုက်အမှန်ကို ပြလိုက်တာပါ။

၂။ သူ ထိပ်မှာ ဆံပင်ပါးနေပြီ။

၃။ လုပ်လိုက်လေ ကြာသလားလို့။

၄။ စကားမလွှဲပါနဲ့ကွာ။

mgyoe.com

mgyoe.com

၅။ မင်းအင်္ကျီကို ပြောင်းပြန်ကြီး ဝတ်ထားတယ်။

၆။ မျက်နှာညိုု... ဘာအလိုမကျဖြစ်နေတာလဲ။

ဒီလိုမျိုး ဝါကျလေးတွေဟာ အင်္ဂလိပ်လို သွက်သွက်လက်လက် ပြောဆိုတဲ့အခါမှာ ပြောဖို့ လိုအပ်လာမယ့် ဝါကျလေးတွေပါ။ ကျောင်းမှာ သင်ရတဲ့ အင်္ဂလိပ်စာမှာတော့ ဒါမျိုးတွေ မပါနိုင်ပါဘူး။ ဒီလိုမျိုး ဝါကျလေးတွေကို အချက်ကျကျသုံးတတ်မှ စကားပြောကောင်းတယ် eloquent ဖြစ်တယ်။ communicative ဖြစ်တယ်လို့ ယူဆနိုင်မှာ ဖြစ်တယ်။ ဒီအပေါ်မှာ ဥပမာပေးထားတဲ့ ဝါကျလေး ၆ ခုကို သင် အင်္ဂလိပ်လို လျှင်မြန်စွာ ပြောနိုင်ဖို့ ခက်ခဲနေသေးတယ်ဆိုရင်တော့ ဒီစာအုပ်လေးဟာ သင့်အတွက် လက်ဆောင်ကောင်းတစ်ခုပါ။

ဒီလိုဝါကျမျိုးလေးတွေကို ကျွန်တော်သုံးလေးလလောက် အချိန်ရတိုင်း ထိုင်စဉ်းစားပြီး စုဆောင်းပြုစုထားတာပါ။

"ဒီစာအုပ်လေးရဲ့ ထူးခြားချက်နှစ်ခု"

– ဒီ Speaking စာအုပ်လေးဟာ တခြားမြင်တွေ့ကြရတဲ့ Speaking စာအုပ်တွေလို သူများမူရင်းစာအုပ်ကို ဘာသာပြန်ထားတာ မဟုတ်ပါ။ Situational dialogues တွေကို ဘာသာပြန်ထားတာ မဟုတ်ပါ။ အင်္ဂလိပ်လို fluently သွက်လက်စွာ ပြောချင်တဲ့သူတွေ တစ်ခါတစ်ရံမှာ ခဲရာခဲဆစ်ဝါကျလေးတွေကို အချက်ကျကျ သုံးနိုင်အောင် စုစည်းပေးထားတဲ့ ကျွန်တော့်ရဲ့ ပင်ကိုရေး ဝါကျတွေပါ။

– နောက် ထူးခြားချက်တစ်ခုကတော့ ဒီဝါကျလေးတွေအတွက် အသံဖိုင် CD ထည့်ပေးထားခြင်း ဖြစ်ပါတယ်။ Native speakers အမေရိကန်လူမျိုး ခြောက်ဦးရဲ့အသံကို အသုံးပြုထားတာ ဖြစ်လို့ အသံထွက်မှန်အောင် အသံအနိမ့်အမြင့်မှန်အောင်၊ pronunciation and intonation အတွက် များစွာ အထောက်အကူ ဖြစ်စေမှာပါ။ CD မှာ ဝါကျနံပါတ်လေးကို နှိပ်ပြီး ဝါကျတစ်ခုကို Native speaker ဖတ်ပြထားတာ၊ ပြောထားတာကို လိုက်နားထောင်၊ ကိုယ်လည်း ပြောကြည့်နဲ့ လေ့ကျင့်ကြပါ။

အင်္ဂလိပ်လို သွက်လက်စွာ ပြောနိုင်ဖို့ ဒီစာအုပ်လေးက အတိုင်း

mgyoe.com

mgyoe.com

အတာတစ်ခုအထိ အထောက်အကူ ဖြစ်စေနိုင်မှာပါ။ ဝါကျလေးတွေကို အသံထွက်ပြီး ထပ်ခါထပ်ခါ ဖတ်ပြီး လေ့ကျင့်ရင်းနဲ့ အလွတ်ရ၊ ကိုယ်ပိုင် ဝါကျများဖြစ်အောင် လေ့ကျင့်ကြပါလို့ တိုက်တွန်းပါရစေ။

မေတ္တာဖြင့်
Dr. Soe Than
Ph.D. (English Studies)
University of Nottingham, U.K.
(soethan @ au.edu)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

1. Talk the talk and walk the walk.
ပြောလည်းပြော၊ ပြီးရင် ပြောတဲ့အတိုင်းလည်းလုပ်ပေါ့။
2. The politician talks the talk, but he doesn't walk the walk.
နိုင်ငံရေးသမားဟာ အပြောပဲရှိတာ တကယ်လက်တွေ့မလုပ်။
3. It serves him right.
ဒီကောင် အဲလို ထိမှကောင်းတယ်။ (သူနဲ့ထိုက်တန်တယ် ခံရပစေ)
4. Take it with a pinch of salt.
နည်းနည်းချင့်ချိန်ပြီးမှ ယုံပေါ့။
5. Take what he said with a pinch of salt.
သူပြောတာကို ချင့်ယုံပါ။
(ပိုပြောတတ်တဲ့ အကျင့်ရှိလို့)
6. Let me cut to the chase.
သွယ်ဝိုက်မနေဘဲ တည့်တည့်ပဲ ပြောတော့မယ်။



Cat got your tongue?
(Why can't you talk?)

7. Has the cat got your tongue?
(Cat got your tongue?)
မင်းဘာမှမပြောနိုင်တော့ဘူးလား။
ပြောဦးလေ။ ဘာကြောင့် နှုတ်ပိတ်နေရတာလဲ။

mgyoe.com

mgyoe.com


8. A penny for your thoughts?
တိတ်လှချည်လား။ ဘာတွေစဉ်းစားနေတာလဲ။

9. Are you sure?
I am positive.
မင်းသေချာရဲ့လား။
သိပ်သေချာတာပေါ့။

10. I will do it right away.
အဲဒါကို ခုချက်ချင်းပဲ လုပ်လိုက်ပါ့မယ်။

11. Don't while away your time.
အချိန်တွေကို ဟိုလိုလို ဒီလိုလိုနဲ့ မဖြုန်းတီးပါနဲ့။

12. Stop fooling around.
ရှုးတူးတူးပေါတောတောလုပ်နေတာ ရပ်တော့။




13. We had a whale of a time on the trip.
ခရီးထွက်တာ အရမ်းကိုပျော်ခဲ့ကြတယ်။


14. He is in a good mood.
သူ စိတ်ကောင်းဝင်နေတယ်။

15. He is in a mood. ☺ (= He is in a bad mood.)
သူ စိတ်ဆိုးနေတယ်။ ရာသီဥတုသိပ်မကောင်းဘူး။

16. Blame it on me.
ငါ့ကြောင့်လို့သာ အပြစ်ပုံချလိုက်ပါ။

mgyoe.com

17. He didn't recognize me.
သူ ငါ့ကိုတွေ့တော့ မမှတ်မိဘူး။
18. Have you been keeping busy?
အလုပ်တွေများနေတာလား။
19. You got me there. (I don't know.)
ငါမသိဘူး။
20. Nose to the grindstone.
အလုပ်ကြိုးစားပြီး ဆက်လုပ်လိုက်ကြရအောင်။



21. All work and no play!
တစ်ချိန်လုံးအလုပ်ပဲလုပ်နေရ အပန်းဖြေချိန်မရ။
22. Thank heavens, it's Friday.
သောကြာနေ့မို့ တော်သေးတာပေါ့။
23. That's one job I wouldn't do.
ဒါမျိုးအလုပ်တော့ ဘယ်သူလာခိုင်းခိုင်းမလုပ်ဘူး။
24. The gloves are off now.
(လက်ဇွေ့အိတ်တွေချွတ်လိုက်ပြီ) တကယ်ကို အသေဆော်နေကြပြီ။
25. That sounds awesome.
ခု ပြောလိုက်တာလေး အရမ်းကောင်းပါတယ်။
26. Rumor has it that he was fired.
သူ အလုပ်ပြုတ်သွားတယ်လို့ (ကောလာဟလ) ပြောကြတာပဲ။

mgyoe.com

mgyoe.com


27. That's just hearsay.
မယုံပါနဲ့။ ကောလာဟလတွေပါ။
28. Don't get me wrong.
ငါ့ကို တလွဲမထင်ပါနဲ့။
29. What nonsense!
ပေါက်ကရတွေ။
30. What a ridiculous idea!
ကြံကြံဖန်ဖန် မဖြစ်နိုင်တာကွာ။
31. The phone is ringing. Answer it.
ဖုန်းလာနေတယ်။ ကိုင်လိုက်ပါ။
32. Please don't hang up on me.
ငါပြောလို့မပြီးသေးခင် ဖုန်းမချသွားပါနဲ့။
33. You can't force me to do it.
မင်း ငါ့ကို အတင်းအကျပ်ခိုင်းလို့မရဘူး။
34. I think he's got the message.
ငါတို့ ဘာဆိုလိုတယ်။ ဘာပြောချင်တယ်ဆိုတာ သူသိသွားလောက်ပြီ။
အရိပ်အယောင်ပြနေတာ သဘောပေါက်သွားပြီ။
35. My point, exactly.
ကျွန်တော်ဆိုလိုတာ။ ပြောချင်တာ အဲဒါအတိအကျပဲ။
36. Why is he so thick?
ဒီကောင် ထူပိန်းလိုက်တာ။
37. You must come to our wedding.
I won't take 'no' for an answer.
တို့မင်္ဂလာဆောင် မင်းလာရမယ်နော်။
လုံးဝ ငြင်းလို့မရဘူး။

mgyoe.com

38. Been there, done that.
(I have been there, done that.)
ဒါမျိုးတွေလုပ်ဖူးလို့ ရိုးနေပြီ။
ရှင်ကြီးဝမ်းလည်းဝင်ခဲ့ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ဖူးပြီ။

39. You and I (We) have been together through thick and thin.
မင်းနဲ့ငါ အေးအတူ ပူအမျှ နေခဲ့ကြတာ။




40. I hate fair-weather friends.
သာပေါင်း ညာစားတွေကို မုန်းတယ်။

41. The plot thickens.
ဇာတ်ရှိန်မြင့်လာပြီ။ (ပိုရှုပ်ထွေး၊ ခက်ခဲနက်နဲလာပြီ)

42. It's anybody's guess.
အဖြေကို ဘယ်သူမှ သေသေချာချာ မသိနိုင်ပါ။

43. Just go with the crowd.
အများမိုးခါးရေသောက်သလို၊ အများလုပ်သလို လုပ်။

44. It's music to my ears.
နားဝင်ပီယံရှိလိုက်တာ။ ကြားချင်နေတဲ့ သာယာတဲ့ သတင်းစကားလေး။

mgyone.com

45. Be cool and calm.
စိတ်အေးအေးချမ်းချမ်းထားပါ။

46. Don't lose your temper.
ဒေါသမထွက်မိစေနဲ့။

47. What a coincidence!
တိုက်ဆိုင်လိုက်တာ။

48. I can read your mind.
မင်းစိတ်ထဲမှာ ဘာရှိတယ်၊ ဘာစဉ်းစားနေတယ်ဆိုတာ ငါသိတယ်။
You can read my mind.
ငါဘာတွေးနေတယ်ဆိုတာ မင်းသိတယ်။

49. I'll be back soon.
ခဏလေးနေရင် ပြန်လာခဲ့မှာပါ။

50. Don't take anything for granted.
ဘာမှတော့ အပိုင်မတွက်ထားနဲ့။





51. So far, so good.
ခုထိတော့ အားလုံးကောင်းပါတယ်။

52. Things didn't turn out as expected.
ထင်ထားသလိုတွေဖြစ်မလာဘူး။

mgyoe.com


53. Life is full of surprises.
ဘဝမှာ အံ့အားသင့်စရာတွေများသား။
54. Let me give you a hand.
ငါမင်းကို ကူညီပါရစေ။
55. Many hands make light work.
အားလုံးဝိုင်းလုပ်လိုက်ကြတော့ လွယ်ကူစွာအလုပ်ပြီးတာပေါ့။
56. I was reluctant to ask for your help.
အကူအညီတောင်းဖို့ အားနာနေတာ။



57. They two are different as chalk and cheese.
ဆီနဲ့ရေလိုကွာတယ်။ ဘယ်လိုမှမတူ။
58. I have very little time.
အချိန်နည်းနည်းပဲရတယ်။
59. It's not the decision I take lightly.
လွယ်လွယ်နဲ့ချတဲ့ ဆုံးဖြတ်ချက်မဟုတ်ပါဘူး။
60. The secret is out.
လျှို့ဝှက်ချက်ပေါက်ကြားသွားပြီ။
61. You can't trust him.
မင်းသူ့ကိုယုံလို့မရဘူး။

mgyoe.com

62. We can depend on him to do a good job.
သူကောင်းကောင်းလုပ်မှာ စိတ်ချရပါတယ်။
63. Please try to be punctual.
အချိန်မှန်အောင်ကြိုးစားပါ။
64. You are insulting me.
မင်းငါ့ကိုစော်ကားနေတာ။
65. It is insulting to womenfolk.
ဒါအမျိုးသမီးထုကိုစော်ကားလိုက်တာ။




66. That guy is a lazybones.
အဲဒီလူဟာ ငပျင်း။
67. I want to apologize to you.
ငါမင်းကို တောင်းပန်ချင်လို့ပါ။
68. What you said is absolutely right.
မင်းပြောတာလုံးဝမှန်တယ်။
69. I couldn't agree with you more.
မင်းပြောတာငါလုံးဝသဘောတူတယ်။
70. Please ask if you don't understand.
နားမလည်ရင်မေးပါ။
71. Are you coming with me?
မင်း ငါနဲ့လိုက်မှာလား။

mgyoe.com

72. Are we there yet?
မရောက်သေးဘူးလား။
(အခုသွားနေတဲ့နေရာကို မရောက်သေးဘူးလား)

73. I'll do it as soon as possible.
ဖြစ်နိုင်သမျှအမြန်ဆုံး လုပ်လိုက်ပါ့မယ်။

74. I will call you tomorrow.
မင်းကို မနက်ဖြန်ဖုန်းဆက်လိုက်မယ်။

75. I don't get you.
မင်းဘာပြောချင်တာလဲ။ ငါနားမလည်ဘူး။

76. He is on his way.
သူဒီကိုလာနေပါပြီ။ အခုလမ်းမှာ လာနေပြီ။

77. I feel much better.
နေလို့ပိုကောင်းသွားပြီ။

78. I am used to it now.
ခုတော့လည်း ကျင့်သားရသွားပါပြီ။

79. I am having fun here.
ဒီမှာ ပျော်နေတာ။

80. It's not worth it.
မတန်ပါဘူးကွာ။

**It's your turn now,**

## Are You READY?

81. It's your turn now.
အခု မင်းအလှည့်။

82. It's too obvious.
သိသာလွန်းပါတယ်။

mgyoe.com

mgyoe.com


83. Slow down!
ဖြည်းဖြည်း (မောင်း၊ ပြော၊ သွား)
84. Think about it.
အဲဒါကိုစဉ်းစားကြည့်ပါ။
85. What is he talking about?
သူဘာတွေပြောနေတာလဲ။
86. You look tired.
မင်းပင်ပန်းနေပုံရတယ်။
87. You're lying.
မင်းလိမ်ပြောနေတာ။
88. Must you go now?
သွားတော့မလို့လား။
89. Are you surprised to see me?
ငါ့ကိုတွေ့တာ အံ့သြသွားလား။
90. I've heard a lot about you.
မင်းအကြောင်း တော်တော်ကြားထားပြီးသားပါ။
91. Please convey my regards to your parents.
မင်းမိဘတွေကို ငါသတိရ သတင်းမေးကြောင်း ပြောပေးပါ။
92. It's been a long time since we last met.
မင်းနဲ့ငါ မတွေ့တာတော်တော်ကြာပြီ။
93. I won't be able to come.
ငါ လာနိုင်မှာမဟုတ်ဘူး။
94. It can't be arranged.
အဲဒါကို စီစဉ်လို့မရဘူး။
95. Will you do me a favour?
တစ်ခုလောက် ကူညီပါလား။
96. Could I ask you to move a little?
နည်းနည်းဘေးကိုဖယ်ပေးပါလား။

mgyoe.com

97. I'll keep my word.
ငါပြောတဲ့ ကတိတည်ပါတယ်။




98. Give me a break.
အေးအေးဆေးဆေးနေပါရစေကွာ။

99. He likes to keep to himself.
သူ့ဘာသာတစ်ယောက်တည်း သီးသန့်နေချင်တာ။

100. He is a man of few words.
သူက စကားနည်းတယ်။

101. We agree to disagree.
တို့တွေ လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိတယ်။

102. Keep the house clean, please.
အိမ်ကို သန့်ရှင်းနေပါစေ။

103. Don't litter in the street.
လမ်းမှာ အမှိုက်မပစ်ပါနဲ့။

104. Put the garbage in the bin.
အမှိုက်ကို အမှိုက်ပုံးထဲထည့်ပါ။




mgyoe.com

mgyoe.com

105. Cross the road from zebra crossing.
လမ်းကူးရင် မျဉ်းကျားမှကူးပါ။

106. Don't be jealous.
မနာလို မဖြစ်နဲ့။


107. I'm content with my life.
ကိုယ့်ဘဝကို တင်းတိမ်ရောင့်ရဲပါတယ်။

108. Work while you work, and play while you play.
လုပ်တဲ့အချိန်မှာသေသေချာချာလုပ်၊ အားလပ်ချိန်မှာလည်းအပြတ်ဆော့။

109. Work hard and play hard.
(အထက်ကအဓိပ္ပာယ်အတိုင်း)

110. He can't take hints.
အရိပ်ပြလို့အကောင်မမြင်သူ။

111. Heavy smoking kills.
ဆေးလိပ်အလွန်သောက်ရင်သေလိမ့်မယ်။




112. Crime never pays.
ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူး။

113. It never pays to tell a lie.
လိမ်ပြောတာ ဘယ်တော့မှမကောင်း။

114. She's a gold digger.
သူဟာ ငွေမက်တဲ့မိန်းမ (သိုက်တူးတဲ့သူ)

mgyoe.com

115. We can't go on like this.
တို့ ဒီလိုချည်း ဆက်စခန်းသွားလို့မဖြစ်ဘူး။

116. Don't talk back to your parents.
မိဘတွေကို ပြန်မပြောပါနဲ့။




117. The sky's the limit.
ရည်ရွယ်ချက်ကြီးကြီးနဲ့ ထိပ်ဆုံးရောက်အောင်ကြိုးစား။

118. It's better to forgive and forget.
ခွင့်လွှတ်ပြီး မေ့ပစ်လိုက်တာ ပိုကောင်းတယ်။

119. They had an argument.
သူတို့ စကားများထားကြတယ်။

120. They are not on speaking terms.
သူတို့မခေါ်ကြတော့ဘူး။ စကားမပြောကြတော့ဘူး။

121. It took me one hour to get here.
ငါဒီကိုလာတာ တစ်နာရီကြာတယ်။

122. The traffic was really bad.
ကားလမ်းတွေ အရမ်းပိတ်နေလို့။

123. Please stand in line.
တန်းစီပါ။

mgyoe.com

mgyoe.com

124. Don't jump the queue.
တန်းစီနေတုန်း ကြားမဖြတ်ပါနဲ့။


125. The lift is broken.
(The lift is not working.)
ဓာတ်လှေကား ပျက်နေတယ်။

126. He is on leave today.
သူဒီနေ့ ရုံးက ခွင့်ယူထားတယ်။

127. Don't waste your breath.
မင်းလေကုန်ခံပြီး ပြောမနေနဲ့။

128. I hate bribery.
လာဘ်ပေးလာဘ်ယူ လုပ်တာကိုမုန်းတယ်။

129. They expect some tea money.
သူတို့က လက်ဖက်ရည်ဖိုး မျှော်နေကြတာ။
(လာဘ်ထိုးသည့်ငွေ)




130. I am feeling a bit under the weather.
သိပ်နေလို့မကောင်းဘူး။ (ဖျားချင်သလိုလိုဖြစ်နေတယ်)

mgyoe.com

mgyoe.com



131. He is Jack of all trades.
သူဟာ ဟိုစပ်စပ်ဒီစပ်စပ်တော့ အကုန်သိတယ် (ဘာမှတော့ တကယ် မတတ်ဘူး)
Jack of all trades and master of none. ဆိုတဲ့ဆိုရိုးစကားကို မှတ်ပါ။

132. He looks scared.
သူ့ကြည့်ရတာ ကြောက်နေပုံပဲ။

133. Please behave yourself.
လိမ်လိမ်မာမာနေပါ။

134. There you go again.
မင်းကတော့ လုပ်ချလိုက်ပြန်ပြီ။

135. Can you please forgive me?
ငါ့ကို ခွင့်လွှတ်ပါကွာ။

136. I promise I won't do it again.
နောက်ထပ်မလုပ်တော့ဘူးလို့ ကတိပေးပါတယ်။

137. I won't do anything against your will.
မင်းရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး ငါဘာမှမလုပ်ပါဘူး။

138. The baby is so cute.
ကလေးက ချစ်စရာလေး။

mgyoe.com

mgyoe.com

139. I am sorry the house is in a mess.
အိမ်ကရှုပ်ပွနေလို့ တောင်းပန်ပါတယ်။

140. Don't give up easily.
လွယ်လွယ်နဲ့ အရှုံးမပေးပါနဲ့။

141. Don't worry. Things will be just fine.
မပူပါနဲ့။ အားလုံးကောင်းသွားမှာပါ။

142. It's the best food I've ever eaten.
စားဖူးသမျှအစားအစာထဲမှာ ဒါအကောင်းဆုံး။

143. English is not our mother tongue.
အင်္ဂလိပ်စာဟာ ငါတို့ရဲ့မိခင်ဘာသာစကားမဟုတ်ဘူး။

144. English is an international language.
အင်္ဂလိပ်စာဟာ ကမ္ဘာသုံး ဘာသာစကားပါ။

145. What you've done is a shameful thing.
မင်းလုပ်လိုက်တာ ရှက်ဖို့ကောင်းတယ်။

146. He's not interested in work.
သူဟာ အလုပ်ကို စိတ်မဝင်စားဘူး။

147. He lost his job.
သူ အလုပ်ပြုတ်သွားတယ်။

148. He was fired.
သူ့ကို အလုပ်ကထုတ်လိုက်တယ်။

*C'est la vie*

SEXY WAY OF SAYING...

THAT'S LIFE.

149. C'est la vie.
ဘဝဆိုတာဒီလိုပါပဲ။ (ဆေး လာ ဗီး...ဟုအသံထွက်ပါ)

mgyoe.com

mgyoe.com

150. I'll do it by all means.
ငါ ဒါကို မဖြစ် ဖြစ်တဲ့နည်းနဲ့လုပ်မယ်။

151. The teacher scolded the students.
ဆရာက ကျောင်းသားတွေကို ဆူတယ်။

152. I am not responsible for this work.
ဒီအလုပ်ဟာ ငါ့တာဝန်မဟုတ်ဘူး။

153. We're proud of your achievements.
မင်းရဲ့အောင်မြင်မှုတွေအတွက် တို့ဂုဏ်ယူပါတယ်။

154. Pay attention to your driving.
ကားကို အာရုံစိုက်မောင်းပါ။

155. Just concentrate on your studies.
ကိုယ့်စာကိုသာ အာရုံစိုက်ပါ။

156. She was so thrilled to see her old friends.
မိတ်ဆွေဟောင်းတွေနဲ့ပြန်တွေ့ရတာ သူအရမ်းပျော်ရွှင်စိတ်လှုပ်ရှားတယ်။

157. My health isn't as good as before.
ငါ့ကျန်းမာရေးက အရင်လောက်မကောင်းတော့ဘူး။

158. I need to take a day off.
ငါ တစ်ရက်လောက်အလုပ်မှ အနားယူဖို့လိုတယ်။

159. Children in Singapore are multi-lingual.
စင်ကာပူက ကလေးတွေဟာ ဘာသာစကားများစွာပြောနိုင်ကြတယ်။

160. We received a pay raise.
ငါတို့အလုပ်မှာ လစာတိုးတယ်။

161. Any news?
ဘာသတင်းထူးသလဲ။

162. No news is good news.
တိတ်နေတယ် ဘာသတင်းသံမှမကြားရတာ အားလုံး OK နေလို့ ဖြစ်မယ်။

163. Don't mess with him.
သူနဲ့ သွားမငြိစေနဲ့ ။ သူ့ကိုရန်သွားမစနဲ့။

mgyoe.com

mgyoe.com


164. He knows Judo.
သူ ဂျူဒိုတတ်တယ်။



165. He is itching for a fight.
သူရန်လိုနေတယ် (ဆော်ချင်တာ လက်ကိုယားနေတယ်)
(itch ယားသည်)
166. He was hospitalized last night.
သူ့ကို မနေ့ညက ဆေးရုံတင်လိုက်ရတယ်။
167. He will be discharged from the hospital tomorrow.
သူ မနက်ဖြန် ဆေးရုံက ဆင်းရမယ်။
168. You need to speed up.
မင်းအရှိန်နည်းနည်းမြှင့်ဖို့လိုတယ်။ ပိုပြီးမြန်မြန်လုပ်ပါ။
169. I can't catch up with you.
မင်းကို ငါမီအောင်မလိုက်နိုင်ဘူး။

mgyoe.com



170. The referee was not fair.
ဒိုင်လူကြီး မတရားဘူး။

171. The judge was biased.
တရားသူကြီးဟာ ဘက်လိုက်တယ်။

172. All is fair in love and war.
အချစ်နဲ့ စစ်မှာ မတရားတာမရှိဘူး။

173. Is everything OK?
အားလုံး OK ရဲ့လား။

174. Everything is under control.
အားလုံးတည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပါ။

175. He is a big eater.
သူအစားကြီးတယ်။

176. I need to see a doctor.
ငါ ဆရာဝန်ပြဖို့လိုပြီ။

177. He is recovering now.
သူ အခုနေကောင်းလာပြီ။ သက်သာလာပြီ။

178. Did anyone come when I was out?
ငါအပြင်သွားနေတုန်း ဘယ်သူလာသေးလဲ။


179. Shall we break for lunch?
မနက်စာစားဖို့ ခဏနားကြရအောင်။

180. How often in a week do you work out?
တစ်ပတ်မှာ ဘယ်နှခါလောက် လေ့ကျင့်ခန်းလုပ်သလဲ။

mgyoe.com

 mgyoe.com 

181. He is fit and firm.
သူဟာ တောင့်တောင့်တင်းတင်းရှိတယ်။



182. They are limbering up before the run.
သူတို့ မပြေးခင် အကြောလျှော့နေကြတယ်။

183. How do you spend your free time?
မင်းအားချိန်မှာ ဘာတွေလုပ်သလဲ။

184. He drinks like a fish.
သူ အရက်တော်တော်သောက်နိုင်တယ်။

185. My dad is a teetotaler.
ငါ့အဖေက အရက်လုံးဝမသောက်သူ။

186. You should quit drinking.
မင်း အရက်ဖြတ်သင့်တယ်။

187. I am a beer person.
ငါက ဘီယာပဲ သောက်တတ်သူ။

188. Promises! Promises!
ကတိတွေ ကတိတွေ
(ပြောပေါင်းများလို့ ရိုးနေပြီ။ မင်းကတိတွေကို မယုံတော့ဘူး)

189. He is in the shower now.
သူ ရေချိုးနေတယ်။

190. I haven't seen you for ages.
မင်းနဲ့မတွေ့ရတာ ကြာလှရောပေါ့။

mgyoe.com

191. Where have you been?
မင်းဘယ်ပျောက်နေတာလဲ။
192. I hate to do the dishes.
ပုဂံတွေဆေးရမှာတော့ မလုပ်ချင်ဘူး။
193. I want to get it off my chest.
(အဲဒီပြဿနာလေး စိတ်ထဲမှာခံစားနေရတာလေး)ကို ရင်ဖွင့်ချလိုက်ချင်တယ်။



194. He has had too much to drink.
သူအရက်သောက်တာ တော်တော်များသွားပြီ။
195. He is having a hangover.
သူ အရက်နာကျနေလေရဲ့။
196. He looks older than his age.
သူ ရုပ်ရင့်တယ်နော် (အသက်ရှိတာထက်ကြီးတယ်ထင်ရ)
197. She looks younger than her age.
သူ အရွယ်တင်တယ်။
198. She is photogenic.
သူ ဓာတ်ပုံစားတယ် (ပုံထဲမှာပိုလှ)
199. The toilet is occupied.
အိမ်သာထဲမှာ လူရှိတယ်။
200. Sorry to disturb you when you're busy.
မင်းအလုပ်များနေတုန်း နှောင့်ယှက်ရတာ အားနာတယ်။
201. Please hear me out.
ငါပြောတာကိုလည်း ဆုံးအောင်နားထောင်ပါဦး။

mgyoe.com

 mgyoe.com 

202. Please don't interrupt when I'm talking.
ငါစကားပြောနေတုန်း ဖြတ်မပြောပါနဲ့။
203. Can you speak up?
နည်းနည်းကျယ်ကျယ်ပြောပါ (မကြားရလို့)
204. It's too good to be true.
(ကြားရတဲ့သတင်းက) ကောင်းလွန်းလို့ဟုတ်ပါ့မလား။
205. I need to recharge my phone.
ဖုန်းအားသွင်းဖို့လိုနေတယ်။
206. The car is out of gas.
ကားမှာ ဆီကုန်သွားပြီ။
207. I don't compete with anyone.
ငါ ဘယ်သူနဲ့မှ မပြိုင်ဆိုင်ပါဘူး။
208. Grasp all, lose all.
လောဘကြီးလွန်းရင် ဘာမှမရ။
209. We should postpone the meeting.
အစည်းအဝေးကို အချိန်နောက်ဆုတ်သင့်တယ်။
210. Can we reschedule the appointment?
ချိန်းထားတဲ့ အချိန်ဇယားလေး ပြန်ပြင်လို့ရမလား။



211. She is a bookworm.
သူဟာ စာကြမ်းပိုး။

mgyoe.com

212. He is an avid Facebook user.
သူဟာ Facebook အရမ်းသုံးတဲ့သူ။

213. You need to calm down.
စိတ်လျှော့ပါ။ ဒေါသမထွက်ပါနဲ့။

214. Keep your cool.
စိတ်ထိန်းပါ။ ဒေါသမပြနဲ့။

215. I almost lost my temper.
ငါ ဒေါသထွက်ဖို့ သီသီလေးလိုတယ်။ (စိတ်ကိုအချိန်မီထိန်းလိုက်နိုင်)

216. Don't lose your temper while driving.
ကားမောင်းနေတုန်း ဒေါသမထွက်နဲ့။

217. She's good-tempered.
သူဟာ စိတ်ကောင်းရှိတယ်။

218. He's bad-tempered when he's hungry.
သူဟာ ဗိုက်ဆာပြီဆိုရင် ဒေါသထွက်တတ်တယ်။

219. Would I lie to you?
မင်းကို ငါ လိမ်ပြောပါ့မလား။

220. How is the business?
စီးပွားရေးဘယ်လိုနေလဲ။

221. Not too bad.
သိပ်မဆိုးပါဘူး။

222. Treat everyone equally.
လူတိုင်းကို သာတူညီမျှဆက်ဆံပါ။

223. Keep quiet in the library.
စာကြည့်တိုက်ထဲမှာတိတ်တိတ်နေပါ။

224. No one is above the law.
ဥပဒေရဲ့ အထက်မှာ မည်သူမျှမရှိ။

225. I abide by the law.
ငါ ဥပဒေကိုလိုက်နာပါတယ်။



226. It is against the law.
ဒါဟာ ဥပဒေနဲ့ဆန့်ကျင်နေတယ်။
227. Things are looking up.
အခြေအနေတွေပိုကောင်းလာပါပြီ။
228. I get tired of eating the same food every day.
နေ့တိုင်းဒါပဲစားရတာ ငြီးငွေ့လာပြီ။
229. What should I do next?
ငါ ဘာဆက်လုပ်ရမလဲ။
230. If I were in your place, I wouldn't do so.
ငါသာမင်းနေရာမှာဆို အဲဒီလိုလုပ်မှာမဟုတ်ဘူး။
231. He is a bright student.
သူဟာစာတော်တဲ့ကျောင်းသား။
232. He is a slow learner.
သူ စာသိပ်မလိုက်နိုင်ဘူး။
233. Strong tea keeps me awake.
လက်ဖက်ရည်ကျကျသောက်ရင် အိပ်မပျော်ဘူး။
234. This tea is too sweet to drink.
ဒီလက်ဖက်ရည်ကလည်းသောက်ရမှာချိုလွန်းလိုက်တာ။
235. I prefer tea to coffee.
ကော်ဖီထက် လက်ဖက်ရည်ကိုပိုကြိုက်တယ်။
236. I prefer Chinese food to Japanese food.
ဂျပန်အစားအစာထက် တရုတ်အစားအစာကိုပိုကြိုက်တယ်။
237. The restaurant was packed with people.
စားသောက်ဆိုင်က လူပြည့်ကျပ်နေတယ်။
238. The food was yummy, but it's a bit pricy.
အစားအသောက်ကောင်းပေမဲ့ ဈေးနည်းနည်းများတယ်။
239. Thai food is quite spicy.
ထိုင်းစာဟာ စပ်တယ်။

mgyoe.com

mgyoe.com

240. I have spent all of the money.
ငါပိုက်ဆံတွေ အကုန်သုံးလိုက်ပြီ။

241. How much did this car cost you?
မင်းဒီကားကို ဘယ်လောက်ပေးလိုက်ရလဲ။



242. The student dozed off while the teacher was teaching.
ဆရာစာသင်နေတုန်းကျောင်းသားက အိပ်ငိုက်သွားတယ်။

243. Go and tidy up your bedroom.
မင်းရဲ့ အိပ်ခန်းကို သပ်သပ်ရပ်ရပ်သွားလုပ်။

244. The kitchen is in a mess.
မီးဖိုချောင်က ရှုပ်ပွနေတာပဲ။

245. Can you tone down the music?
မင်း သီချင်းတိုးတိုးဖွင့်လို့ရမလား။

246. Switch off the TV if no one is watching.
ဘယ်သူမှကြည့်မနေရင် TV ကိုပိတ်လိုက်ပါ။

247. Is it a waste of time to use Facebook?
Facebook သုံးခြင်းဟာ အချိန်ဖြုန်းတာလား။

248. I work out in the gym 4 days a week.
ငါ အားကစားရုံမှာ တစ်ပတ်မှာ လေးရက်လေ့ကျင့်တယ်။

mgyoe.com

mgyoe.com

249. I eat healthy food.
ကျန်းမာရေးနဲ့ညီတဲ့အစားအစာစားတယ်။

250. He is having a fever.
သူဖျားနေတယ်။

251. She is running a temperature.
သူကိုယ်တွေ တော်တော်ပူနေတယ်။ (ဖျားနေ၍)

252. Don't drink and drive.
မူးရင်မမောင်းနဲ့။ (သောက်ပြီးရင် ကားမမောင်းနဲ့)

253. Give priority to the elderly.
သက်ကြီးရွယ်အိုများကို ဦးစားပေးပါ။

254. I hate noisy TV commercials.
ဆူညံတဲ့ TVကြော်ငြာတွေမုန်းလိုက်တာ။

255. My car broke down on the way.
လမ်းမှာ ကျွန်တော့်ကား ပျက်သွားလို့။

256. My car had a flat tire/tyre.
ကားဘီးပေါက်သွားလို့။

257. You look as pretty as before.
နင်အရင်လိုပဲ လှပါသေးတယ်။




mgyoe.com

258. He does not mince words.
သူကစကားကို အတုံးလိုက်အတစ်လိုက် ပြောတတ်တယ်။
(မညှာတမ်းပြောတယ်။ ဖွံ့တယ်)
259. He is a sweet talker.
သူက အပြောချိုတဲ့သူ။ (ချိုချိုသာသာပြောသူ)
260. What are you looking for?
မင်းဘာရှာနေတာလဲ။
261. Have you lost anything?
တစ်ခုခုပျောက်သွားလို့လား။
262. I found what I had lost.
ငါပျောက်သွားတာကို ပြန်ရှာတွေ့ပြီ။
263. He graduated from the university last year.
သူ မနှစ်က ကျောင်းပြီး/ဘွဲ့ရတယ်။
264. He dropped out of school.
သူကျောင်းထွက်လိုက်တယ်။ ပြီးအောင်မတက်ခဲ့ဘူး။
265. He is a high school drop-out.
သူအထက်တန်းကျောင်းတောင် ပြီးအောင်မတက်ခဲ့ဘူး။
(ဆယ်တန်းတောင်မအောင်ပါ)
266. He was expelled from school.
သူကျောင်းထုတ်ခံခဲ့ရတယ်။
267. He is quite mature for his young age.
သူဟာ အသက်ငယ်ပေမဲ့ ရင့်ကျက်တယ်။
268. He is a spoilt child.
သူဟာ အလိုလိုက်ခံထားရလို့ ပျက်စီးနေတဲ့ကလေး။
269. Don't pamper your children too much.
ကလေးတွေကိုအရမ်းအလိုမလိုက်ပါနဲ့။
270. I think of you from time to time.
မင်းကိုပဲ မကြာမကြာသတိရနေတာ။ (ထစ်ခနဲဆိုလွမ်းနေတာ)

mgyoe.com

 mgyoe.com 

271. I miss my childhood friends.
ကလေးဘဝက သူငယ်ချင်းတွေကိုလွမ်းတယ်။

272. I look forward to meeting you next month.
ရှေ့လ မင်းနဲ့တွေ့ဖို့ မျှော်နေပါတယ်။

273. Why is this meeting called?
ဒီအစည်းအဝေးကို ဘာကြောင့်ခေါ်တာလဲ။

274. He donated a lot of money to the monastery.
သူ ဘုန်းကြီးကျောင်းကို ပိုက်ဆံတွေ အများကြီးလှူခဲ့တယ်။

275. I have nothing important to do.
ငါ့မှာ ဘာမှအရေးတကြီးလုပ်စရာမရှိပါဘူး။



276. He has dated a lot of women.
သူ ရည်းစားတွေအများကြီးထားခဲ့တယ်။

277. He is flirtatious.
သူဟာ မြှာပွေတယ်။ (မိန်းမနောက်ပိုးထတယ်)
He is a lady-killer.

278. She likes to flirt with young men.
သူမဟာ ယောကျ်ားငယ်ငယ်လေးတွေနဲ့ ရှုပ်ချင်တယ်။

mgyoe.com

279. He is easy to get along with.
သူဟာ ပေါင်းရသင်းရလွယ်တဲ့သူ။

280. I'd like to travel all over the world.
ကျွန်တော် ကမ္ဘာအနှံ့ခရီးသွားချင်တယ်။

281. She lives in downtown Yangon.
သူက ရန်ကုန်မြို့လယ်မှာနေတာ။ (မြို့ထဲမှာနေတယ်)

282. He lives in the suburb.
သူက ဆင်ခြေဖုံး (မြို့ပြင်မှာ) နေတာ။

283. He was brought up by indulgent parents.
သူက အလိုလိုက်တဲ့မိဘတွေနဲ့ ကြီးပြင်းခဲ့ရတယ်။

284. He snores loudly when he sleeps.
သူက အိပ်ရင် အကျယ်ကြီးဟောက်တယ်။

285. He is a light sleeper.
သူက အအိပ်ဆတ်တယ်။

286. He is an early riser.
သူက မနက်စောစောအိပ်ရာထကျင့်ရှိတယ်။

287. Your phone is ringing.
မင်းရဲ့ဖုန်းလာနေတယ်။

288. What did you have for breakfast?
မနက်စောစောစာဘာစားခဲ့လဲ။

289. What would you like to have for dinner?
ညစာ ဘာစားချင်လဲ။

290. His face looks familiar.
သူ့ကို ကောင်းကောင်းမြင်ဖူးသလိုပဲ။
(မျက်နှာကို မြင်ဖူးတယ်/ တွေ့ဖူးတယ်)

291. I just can't recall his name.
သူ့နာမည်ကို စဉ်းစားလို့မရဘူး။

mgyoe.com

mgyoe.com


292. He is absent-minded.
သူဟာ မေ့တတ်တယ်။
293. Take the medicine according to the doctor's instructions.
ဆေးကို ဆရာဝန်ညွှန်ကြားထားတဲ့အတိုင်း သောက်ပါ။
294. She looks very elegant.
သူ့ကြည့်ရတာ ကျက်သရေရှိလိုက်တာ။
295. How do you commute from your home to the office?
မင်း အိမ်ကနေရုံးကို ဘယ်လိုသွားသလဲ။
296. She likes to go shopping every weekend.
စနေ တနင်္ဂနွေရုံးပိတ်ရက်တိုင်း သူက ဈေးဝယ်ထွက်ရတာကြိုက်တယ်။
297. Have you had your lunch?
ထမင်းစားပြီးပြီလား။
298. Are you busy this whole week?
မင်း ဒီတစ်ပတ်လုံး အလုပ်များသလား။
299. Do you have to go out today?
ဒီနေ့ အပြင်သွားစရာရှိလား။
300. It's better to go to the pagoda early in the morning.
ဘုရားကို မနက်စောစောသွားတာပိုကောင်းတယ်။
301. Brush your teeth after every meal.
ထမင်းစားပြီးတိုင်း သွားတိုက်ပါ။
302. Wash your feet before going to bed.
အိပ်ရာမဝင်ခင် ခြေထောက်ဆေးပါ။
303. What time do you usually go to bed?
မင်း ဘယ်အချိန်အိပ်ရာဝင်တတ်လဲ။
304. His children are studying abroad.
သူ့ရဲ့ သားသမီးတွေ နိုင်ငံခြားမှာကျောင်းတက်နေတယ်။
305. Chinese is not as important as English.
တရုတ်စကားဟာ အင်္ဂလိပ်စကားလောက်တော့ အရေးမကြီးပါဘူး။

mgyoe.com



306. My mom sits in meditation for an hour every day.
အမေဟာ တစ်နေ့ကို တစ်နာရီ နေ့တိုင်း တရားထိုင်တယ်။

307. He goes jogging every evening.
သူဟာ ညနေတိုင်း အနေးပြေးတယ်။

308. Every medicine has side effects.
ဆေးတိုင်းမှာ ဘေးထွက်ဆိုးကျိုးတွေရှိတယ်။

309. Make proper use of the social media.
(Facebook လိုမျိုး) social media ကို မှန်ကန်စွာအသုံးပြုပါ။

310. I am too lazy to cook, so I usually eat out.
ဟင်းချက်ရမှာပျင်းလို့ အပြင်ဆိုင်မှာပဲစားတယ်။

311. I will do it without fail.
ကျွန်တော် အဲဒါကိုမပျက်မကွက် (ဆက်ဆက်)လုပ်ပါ့မယ်။

312. You look more like your mother than your father.
မင်းက အဖေထက် အမေနဲ့ပိုတူတယ်။

313. He is a very polite boy.
ကောင်လေးက ယဉ်ကျေးတယ်။

mgyoe.com

 mgyoe.com 




314. They talk behind your back.
သူတို့မင်းနောက်ကွယ်မှာ မင်းအကြောင်းတွေပြောတယ်။

315. He came into a big inheritance.
သူ အမွေတွေအများကြီးရလိုက်တယ်။

316. He lives in a mansion.
သူက ဗိုမ်ခံအိမ်ကြီးမှာနေတာ။




317. We keep odds and ends in the store room.
စတိုခန်းထဲမှာ တိုလီမိုလီတွေထားတယ်။

318. He does odd jobs for his grandmother.
သူဟာ အဘွားအတွက် တောက်တိုမယ်ရလေးတွေလုပ်ပေးတယ်။

319. You need to depend on yourself.
မင်း ကိုယ့်အားကိုယ်ကိုးရမယ်။

mgyoe.com

320. Save enough for your old age.
အိုစာမင်းစာ လုံလောက်အောင်စုပါ။
321. He will retire next year.
ရှေ့နှစ်မှာ သူအငြိမ်းစားယူမယ်။
322. He gets a pension from the government.
သူ အစိုးရဆီက ပင်စင်ရတယ်။
323. He is a confirmed bachelor.
သူက လူပျိုသိုးကြီး။ (မယူတော့မှာသေချာသူ)
324. As a spinster, she has to depend on her siblings.
အပျိုကြီးဆိုတော့ သူဟာ မောင်နှမတွေပေါ်မှာပဲ အားကိုးနေရတယ်။
325. She is a picky eater.
သူဟာ အစားဂျီးများတယ်။
326. She is particular about what she eats.
သူဟာ အစားရွေးလွန်းတယ်။ (325 နဲ့အတူတူပါ)
327. My dad is a strict vegetarian.
အဖေက သက်သတ်လွတ်ပဲစားသူ။ (အသားလုံးဝမစား)
328. Where can I find vegetarian food? (vegan food)
သက်သတ်လွတ်ထမင်း ဘယ်မှာရှာရမလဲ။
329. I am constipated.
ဝါဝမ်းချုပ်နေတယ်။
330. I have a runny nose.
နှာစေးနေတယ်။
331. I am having a cough.
ချောင်းဆိုးနေတယ်။
332. I am having a sore throat.
အာသီးရောင်နေတယ်။
333. I am having an upset stomach.
ဗိုက်မကောင်းဘူး။ (ဝမ်းပျက်နေတယ်)

mgyoe.com